# CORONAVIRUS DISEASE (COVID–19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ နှင့် ပတ်သက်၍ ပြည်သူများထံ ပန်ကြားခြင်း

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၃)၊ (၂၂:၃၀) နာရီ

မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ COVID–19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်ပွားသူလူနာ မတွေ့ရှိသေးသော်လည်း –

- တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် COVID–19 လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ ဖြစ်ပွားမှုများ ဆက်လက်ဖြစ်ပွားမြင့်မားနေပါသည်။
- COVID–19 လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ လူနာများနှင့် တိုက်ရိုက်ထိတွေ့မှု (သို့မဟုတ်) ရောဂါဖြစ်ပွားရာ ဒေသနိုင်ငံများသို့ လတ်တလောသွားရောက်ခဲ့သော ခရီးသွားရာဇဝင်စသည့် သိသာထင်ရှားသော အထောက်အထားများ မတွေ့ရှိရသူများတွင် ရောဂါကူးစက် ဖြစ်ပွားမှုများကို နိုင်ငံအချို့တွင် တွေ့ရှိနေရပါသည်။
- လူစုလူဝေးများပြားသော နေရာများတွင် COVID–19 ရောဂါဖြစ်ပွားသူ (သို့မဟုတ်) ရောဂါလက္ခဏာ မပြသသေးသော်လည်းရောဂါရှိသူတစ်ဦးထံမှ အခြားသူတစ်ဦးထံသို့ ရောဂါကူးစက် ပြန့်ပွားနိုင်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ရောဂါဖြစ်ပွားသူများ ရုတ်တရက်တစ်ပြိုင်နက်တွေ့ရှိလာနိုင်ပြီး ပြည်သူများအတွင်း၌ ကူးစက်ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် ပြည်သူများအနေဖြင့် –

- ယခုကာလအတွင်း လူစုလူဝေးများပြားရာနေရာများနှင့် ပွဲလမ်းသဘင်များ ရှိရာနေရာများကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြပါရန်၊
- အခြေအနေအကြောင်းကြောင်းကြောင့် မဖြစ်မနေကျင်းပရမည့် လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကိုသာ ပြုလုပ်ကြပါရန် နှင့်
- အကယ်၍ ထိုသို့ မဖြစ်မနေကျင်းပရပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး ကျန်းမာရေးအသိပညာပေးနှိုးဆော်ချက်များကို တိကျစွာစနစ်တကျ လိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော် ပန်ကြားအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန